Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၁၁

# ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင်သင်ကြားပံ့ပိုးပေးခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၁၁။ ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ၁၁** ပိုင်းမြောက်ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူကျောင်းသားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း |
| ၉ | ကျောင်းသူကျောင်းသားတို့၏ စိတ်ခံစားချက်နှင့်လူမှုရေး သုခကို ပံ့ပိုးပေးခြင်း |
| ၁၀ | အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာ့ဥပဒေအညွှန်းဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| **၁၁** | **ကျောင်းသူကျောင်းသားအားလုံးကို ကွဲပြားခြားနားအောင် သင်ကြားပံ့ပိုးပေးခြင်း** |
| ၁၂ | သီးသန့်သတ်မှတ်ထားသည့် သင်ယူမှုအခက်အခဲများကို ဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူကျောင်းသားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊

လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရောက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက်ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဋ္ဌိတစ်ခုကို ဖြေရပါမည်။

## သင်ရိုးပိုင်း ၁၁ သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။** |
| **၁. အားလုံးအကျုံးဝင်စေရေးကို ပံ့ပိုးပေးနိုင်မည့် ကွဲပြားခြားနားအောင်သင်ကြားမှုကို နားလည်ခြင်း** |
| **၂. ကွဲပြားခြားနားသော သင်ကြားမှုကိုပံ့ပိုးပေးမည့် ရုပ်ပုံဖြင့်စုစည်းမှု၊ အရေးအသားဘောင်နှင့် အာရုံအမျိုးမျိုးဖြင့် လုပ်ဆောင်ချက်များ အစရှိသည့်ဗျူဟာများ အသုံးပြုပုံကို နားလည်ခြင်း** |
| **၃. ကွဲပြားခြားနားအောင် သင်ကြားမှုအတွက် သင်ခန်းစာအစီအစဉ်ကို ကျောင်းသူကျောင်းသားများနှင့် လိုက်လျောညီထွေပြုပြင်ခြင်း** |
| **၄. သင်တန်းသူ/သားအချင်းချင်း အာရုံအမျိုးမျိုးဖြင့်လုပ်ဆောင်ချက်တစ်ခုကို အုပ်စုငယ်ဖွဲ့စီစဉ်သင်ကြားခြင်း** |
| **၅. ကွဲပြားခြားနားစေမည့် သင်ယူမှုရလဒ်များပါရှိသည့်သင်ခန်းစာအစီအစဉ်ကိုရေးသားခြင်း** |

**သင်တန်းသားများ**အတွက် အားလုံးအကျုံးဝင်မှု၏ ဆိုလိုရင်း၊ **အဘယ်ကြောင့်**၎င်းကိုလိုအပ်ကြောင်း၊ အားလုံးအကျုံးဝင်သည့် **ကျောင်းနှင့်ဆရာ/မတို့၏ စရိုက်လက္ခဏာများ**ကို သင်တန်းသူ/သားတို့ စဉ်းစားကြစေရန် ဤ **၁၁ ခုမြောက် သင်ရိုးပိုင်း**က ဆက်လက်အားပေးပါသည်။ ဤသင်ရိုးပိုင်း ပြီးအောင်လုပ်ရန် ၇ နာရီခန့် ကြာမြင့်ပါမည်။ ပါဝင်သောလုပ်ဆောင်ချက်များသည် ကျောင်းသူကျောင်းသားတို့ကို ကွဲပြားခြားနားမှုဖြင့်ပံ့ပိုးနိုင်ပုံကို စဉ်းစားစေပါမည်။ ဤသင်ရိုးပိုင်းတွင် အဓိကမှတ်သားရန်မှာ သင်ကြားရေး၊ လုပ်ဆောင်ချက်များ၊ (သင်ခန်းစာအဆုံးတွင် ကျောင်းသူကျောင်းသားတို့ရရှိနိုင်မည်ဟုထင်သော၊ တတ်မြောက်မှုကို ပြသနိုင်မည်ဖြစ်သော)ရလဒ် စသည်တို့ကို ကွဲပြားခြားနားအောင် သင်ယူမှုဖြစ်စဉ်ကို သင့်တော်အောင်ပြုပြင်ပြောင်းလဲခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ဆရာ/မတို့၏ ပညာသင်ကြားသူအခန်းကဏ္ဍသည် အစဉ်အလာသင်ကြားပုံနှင့် သိသိသာသာ ကွဲပြားနေမည် ဖြစ်သည်။

## သင်ရိုးပိုင်း ၁၁ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမဆုံးလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၁၀ ကိုပြန်နွှေးပြီး စစ်ဆေးခြင်းဖြစ်ပါသည်။ ယခင် သင်ရိုးပိုင်းအကြောင်းအရာများကို သင်ယူသူများအားအမှတ်ရစေကာ ဤသင်ရိုးပိုင်း အတွက် ပြင်ဆင်ရာတွင်အရေးကြီးသည့် အချက်အလက်များကို ပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ်လုပ်ပြီးလျှင် အဖြေတိုက်ရန် သင်ရိုးပိုင်း ၁၀ ကို ပြန်ကြည့်ပါစေ။ သင်ရိုးပိုင်း ၁၀ မှ မိမိတတ်မြောက်လာသည်ကိုသုံးပြီး အကျုံးဝင်မှုနှင့်ဆိုင်သည့် မူဝါဒများကို ကျောင်းသူကျောင်းသားတို့ ပိုမိုသိရှိလာစေပုံများကို ဆွေးနွေးပါ။ ၎င်းသည် သင်ကြား/ သင်ယူရေး အပေါ် မည်သို့သက်ရောက်မှုရှိခဲ့ပါသနည်း။ |
| နိဒါန်း | ကျောင်းသူကျောင်းသားတို့ကို ကွဲပြားခြားနားအောင်သင်ကြားရေးအကြောင်း သင်တန်းသူ/ သားများ မည်သို့နားလည်ကြောင်းမေးပါ။ အသိသညာသစ်ဖြစ်နိုင်သောကြောင့် အဖွင့် မေးခွန်းများမေးရန် အားပေးပါ။ မည်သည့်အတွေး၊ မှတ်ချက်၊ မေးခွန်းမျှ မမှားယွင်းကြောင်း |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | သတိပေးပါ။ ဤသင်ရိုးပိုင်းသင်ယူမှုရလဒ်ကို အကျဉ်းမျှ ဆွေးနွေးပြီး သင်ခန်းစာများ လိုက်လျောညီထွေပြုပြင်ခြင်း၊ အာရုံအမျိုးမျိုးဖြင့်လုပ်ဆောင်ချက်သုံးခြင်း၊ ကွဲပြားခြားနားသည့် သင်ယူမှုရလဒ်များဖြင့် သင်ခန်းစာအစီအစဉ်ဆွဲခြင်းတို့ကို လေ့လာမည်ဖြစ်ကြောင်း ရှင်းပြပါ။ |
| ပထမအကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိရိုးရိုးသားသား စစ်ဆေးရန် အချို့သင်တန်းသူ/သားများကို ဆော်သြရန်လိုအပ်ပါမည်။ ရလဒ်ကို သင်ရိုးပိုင်းအဆုံး နောက်စစ်ဆေးမှုတစ်ခုနှင့် နှိုင်းယှဉ်ပြီး သင်ယူမှုကို သုံးသပ်စေနိုင်ပါမည်။ |
| ၁.၁.၁. - ယခင်သင်ယူမှုနှင့် ချိတ်ဆက်ခြင်း | လုပ်ဆောင်ချက် ၁.၁.၁ ကိုကြည့်စေပြီး အားလုံးအကျုံးဝင်မှုဆိုင်ရာ မြန်မာမူဝါဒနှင့် ဥပဒေ အညွှန်းဘောင် အသုံးအနှုန်းများနှင့် တွဲပေးကြရန်။ သင်ရိုးပိုင်း ၁၀ နှင့်ချိတ်ဆက်ကာ ယခင်သင်ယူမှုကို ပြန်ကြည့်ကြပါစေ။ |
| ၂. ကွဲပြားခြားနားအောင် သင်ကြားမှုနှင့် အားလုံးအကျုံးဝင်မှု ချိတ်ဆက်ပုံ | အားလုံးအကျုံးဝင်မှုဆိုသည်မှာ သင်ကြားရေးအတွက် အတားအဆီးများ ရှာဖွေဖယ်ရှားခြင်းဖြစ်ကြောင်း ရှင်းပြပါ။ အုပ်စုငယ်များဖွဲ့ပြီး ကျောင်းအတွေ့အကြုံ၊ ဆရာ/မအတွေ့အကြုံနှင့် အချို့ကျောင်းသူကျောင်းသားများအတွက် ကွဲပြားခြားနားအောင် သင်ကြားသင်ယူရန်လိုပုံတို့ကို စဉ်းစားဖော်ထုတ်မှတ်သားကြပါစေ။ |
| လုပ်ဆောင်ချက် ၁၁.၂ | အုပ်စုငယ်များဖွဲ့ပြီး ကွဲပြားခြားနားမှုအကြောင်းဖွင့်ဆိုချက်(၁၅ မိနစ်)ကိုလုပ်ပြီး ဝေါဟာရကို အားလုံးစုပေါင်းပြီး စူးစမ်းဆွေးနွေးကြပါစေ။ ဆရာ/မတို့အနေနှင့် ကွဲပြားခြားနားသည့် သင်ယူမှုကို အကောင်အထည်ဖော်နိုင်ပုံကို ဆက်လက်စူးစမ်းပါ။ မိမိကျောင်းသူကျောင်းသားများအကြောင်းသိခြင်းနှင့် ပြန်လည်ချိတ်ဆက်ကြောင်း ထောက်ပြပါ။ |
| ၃- ကွဲပြားခြားနား သင်ကြားနည်း ၄ မျိုး | ကွဲပြားခြားနားအောင်သင်ကြားနည်း ၄မျိုးကိုစူးစမ်းပါ။ အကြောင်းအရာ၊ လုပ်ငန်းစဉ်၊ ရလဒ်နှင့် ဝန်းကျင်တို့ကိုစာရွက်တစ်ရွက်ပေါ်ရေးပြီး သင်ယူမှုဂျာနယ်တွင် မှတ်သားကြရန်။ ပေးထားသောဇယားပုံနှင့် ကွဲပြားခြားနားအောင်သင်ကြားနည်း လေးမျိုးကိုသုံးသပ်ရန် အရေးကြီးပုံကို အုပ်စုလိုက် စူးစမ်းလေ့လာပါ။ သင်တန်းသူ/သားများက နောက်ဆက်တွဲ ၁ ဖတ်ကြရန်။ မိမိတို့သင်ယူမှုနှင့်သုံးသပ်မှုတို့ကို လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်ဆွေးနွေးကြပါမည်။ တစ်ပိုင်းကို စူးစမ်းပြီးနောက် ထိုအပိုင်းကို အတန်းထံ ပြန်လည်တင်ပြနိုင်ပါသည်။ |
| ၃.၁ တစ်တန်းလုံး သင်ကြားမှုနှင့် ကွဲပြားခြားနားမှု | တစ်တန်းလုံးသင်ကြားရေးနှင့် ကွဲပြားခြားနားမှုအကြောင်း ပြန်နွှေးပါ။ ဒေါ်အေးမြတ်သူနှင့် ၎င်း၏သံပြိုင်ဖြေဆိုချဉ်းကပ်မှုအကြောင်း လေ့လာချက်ကိုဖတ်ရှုပါ။ ဤချဉ်းကပ်မှုသည် ကျောင်းသူကျောင်းသားအားလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်းရှိမရှိ အုပ်စုလိုက် ပြန်လည် သုံးသပ်ကြရန်။ |
| ၃.၂ - အကြောင်းအရာအလိုက် ကွဲပြားခြားနားမှု | သင်ခန်းစာရည်ရွယ်ချက်ကို ဆရာ/မတို့က စဉ်းစားရန်လိုပုံ၊ ရည်ရွယ်ချက်ပြည့်မီရန် အကြောင်းအရာကို ကျောင်းသူကျောင်းသားများအတွက် လိုက်လျောညီထွေရှိအောင် အမျိုးမျိုးပြုပြင်ပေးပုံတို့ကို သုံးသပ်ပါ။ ဒေါ်အေးမြတ်သူအကြောင်း ဖြစ်ရပ်လေ့လာချက်နှင့် ကျောင်းသူကျောင်းသားတို့ကိုစွမ်းရည်အရ အုပ်စုခွဲခြင်းဖြင့် သင်ခန်းစာကို သင့်တော်အောင်ပြုပြင်ပုံကို စူးစမ်းပါမည်။ အုပ်စု ၁ သည် ယခင်သင်ခန်းစာကို ပြန်လှန်သုံးသပ်ပြီး၊ အုပ်စု ၂ သည် စကားစုသစ်ကိုသုံးကာ အုပ်စု ၃ က ဝေါဟာရသစ်များ သုံးကြပါမည်။ ဆရာ/မတို့သုံးရန် နည်းလမ်းကောင်းတစ်ခု အဘယ်ကြောင့်ဖြစ်ကြောင်း သုံးသပ်ပါ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| လုပ်ဆောင်ချက် ၁၁.၄ - အကြောင်းအရာ - မည်သူ့အတွက်နည်း | လုပ်ဆောင်ချက် ၁၁.၄ (၄၅ မိနစ်) ကိုစူးစမ်းပါ။ အုပ်စုငယ်များဖွဲ့ပြီး ခေါင်းစဉ်ခွဲကို ဖတ်စေကာ ဆိုင်ရာဖွင့်ဆိုချက်များနှင့် တွဲကြပါစေ။ ပြန်ကြည့်ပြီး အဖြေမှန်တိုက်ကြပါမည်။ ဘာလွမ်းဇယားအကြောင်း သတိပေးပါ။ အချက်အလက် မှတ်မိမှုနှင့် အခြေခံ အသိသညာများက ပိရမစ်အနိမ့်ပိုင်းမှာရှိကြောင်း၊ အသိပညာကို အသုံးချခြင်း ပင်ကိုယ်လက်ရာဖန်တီးခြင်းတို့က ဇယားအထက်ပိုင်းမှာရှိကြောင်း ထောက်ပြပါ။ အတူတကွသုံးကြသည့် စံသတ်မှတ်ချက်များနှင့်ရည်ရွယ်ချက်များကို အခြေပြုထားသည့် (နှစ်ယောက်တွဲ၊ အုပ်စုလိုက် စသည်ဖြင့်) သင်ကြားနည်းအမျိုးမျိုးသုံးရန်လိုအပ်ကြောင်း ထောက်ပြပါ။ |
| လုပ်ဆောင်ချက် ၁၁.၅ - DARTsအကြောင်းဗီဒီယိုများ - အကြောင်းအရာ ကွဲပြားခြားနားစေခြင်း | တစ်တန်းလုံးဗီဒီယိုကြည့်ပြီး DARTsအကြောင်းစူးစမ်းကြရန်။ ကျောင်းသူကျောင်းသားတို့ သုံးနိုင်သည့် ဗျူဟာများကို သင်တန်းသူ/သားတို့ သုံးသပ်ကြပါစေ။ ကွက်လပ်ဖြည့်၊ အစဉ်အလိုက်စီခြင်း၊ အုပ်စုဖွဲ့ခြင်း၊ ဇယားဖြည့်ခြင်း၊ ဇယားပုံကိုအမည်တပ်ခြင်း၊ ကြိုတင်ခန့်မှန်းခြင်း၊ မေးခွန်းထုတ်ခြင်းစသည့် ဥပမာတို့ ပါဝင်ပါသည်။ လုပ်ဆောင်ချက် ၁၁.၅ ကို လုပ်ကာ အဖြေများအတူတူ ကြည့်ပြီး အယူအဆလွဲမှားမှုများ ပြုပြင်ကြပါမည်။ |
| ၃၃. လုပ်ငန်းစဉ်အရ ကွဲပြားခြားနားစေခြင်း | ကွဲပြားခြားနားစေမည့်သင်ယူမှုဒလုပ်ငန်းစဉ်နှင့် ကျောင်းသူကျောင်းသားတို့သင်ယူပုံကို ကြည့်ခဲ့ပြီဖြစ်ကြောင်း သင်တန်းသူ/သားတို့ကို သတိပေးပါ။ ဤချဉ်းကပ်မှုကို လုပ်ငန်းစဉ်အရကွဲပြားခြားနားစေခြင်းဟု ခေါ်ဆိုပါသည်။ ဒေါ်အေးမြတ်သူအကြောင်း ဖြစ်ရပ် လေ့လာချက်ကိုဆွေးနွေးရန် အုပ်စုဖွဲ့ပါ။ အထူးသဖြင့် ဆရာ့ပံ့ပိုးမှုလိုအပ်သည့်အုပ်စုနှင့် ဆရာလွတ်လုပ်ဆောင်နိုင်သည့်အုပ်စုတို့ကိုဆွေးနွေးရန် ဖြစ်ပါသည်။ မည်သည့်အုပ်စုတွင် မည်သည့် ကျောင်းသူကျောင်းသားကို ထည့်နိုင်ကြောင်း ဆုံးဖြတ်စေနိုင်မည့် စစ်ဆေးအကဲဖြတ်နည်းကို သုံးသပ်ကြပါစေ။ |
| ၃.၃.၁ - လုပ်ငန်းစဉ် | ယခင်သင်ရိုးပိုင်း ၄ တွင် ခေတ်မီသင်ကြားရေးချဉ်းကပ်မှုများ၊ အထူးသဖြင့် သင်ယူသူဗဟိုပြုချဉ်းကပ်မှုများလိုအပ်ပုံကို စူးစမ်းခဲ့ပြီ။ ပေးထားသည့်ပုံများကိုကြည့်ပြီး ဆရာ/မတို့ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့(သို့)တစ်တန်းလုံးသင်ကြားနည်းကို သုံးမည့် သာဓကများကို စဉ်းစားပါ။ သင်ယူပုံများအကြောင်း၊ စာသင်ခန်းအတွင်း သင်ယူပုံများ၏ကဏ္ဍအကြောင်းကို စတင်ဆွေးနွေးပါ။ သင်တန်းသူ/သားတစ်ဦးချင်း နှစ်သက်သည့် သင်ယူပုံကို သုံးသပ်စေပြီး လုပ်ဆောင်ချက် ၁.၁.၂ မှ အာရုံအမျိုးမျိုးဖြင့်သင်ကြားမှုပုံကို ထောက်ပြပါ။ ရုပ်သေနှင့် မေးခွန်းပိုင်းမေးမှုအကြောင်း ဗီဒီယိုမိနစ် ၃၀ စာပြပါ။ အုပ်စုငယ်များဖြင့် နည်းတစ်ခုကို ရွေးချယ်ဆုံးဖြတ်ပြီး သင်ခန်းစာပြင်ဆင်ပါ။ သင်ခန်းစာမတိုင်မီ ကြိုတင်အုပ်စုခွဲခြင်းက ပိုကောင်းကြောင်း၊ ကျောင်းသူကျောင်းသားတို့၏အသက်အရွယ်၊ အတန်းတို့နှင့် ဆက်စပ်ကြောင်း သတိချပ်ကြပါစေ။ အုပ်စုများက သင်ခန်းစာကို တင်ဆက်ပြီးလျှင် ကျန်သင်တန်းသူ/သားများက တုံ့ပြန်ဖြေကြားပြီး ဆွေးနွေးမှုကိုအားပေးပါ။ အထူးသဖြင့် ကျောင်းသူကျောင်းသားတို့ကို အုပ်စုဖွဲ့ခြင်း၏ အကျိုးအပြစ်ကို စဉ်းစားသင့်ပါသည်။ မိမိတို့အတန်းတွင်း သုံးလိုသည့် ကွဲပြားခြားနားစေမည့်နည်းလမ်းများ၊ သုံးသပ်ချက်များကို သင်ယူမှုဂျာနယ် အတွင်းမှတ်သားကြပါစေ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၃.၄ - ရလဒ်အားဖြင့် ကွဲပြားခြားနားစေခြင်း | ဆရာ/မတို့ အသုံးပြုနိုင်မည့် နောက်တစ်နည်းမှာ သင်ခန်းစာအတွင်း ကျောင်းသူကျောင်းသားတို့ သင်ယူမှုကို မည်သို့ပြသနိုင်ကြောင်း စဉ်းစားခြင်းဖြစ်သည်။ အစီရင်ခံချက်၊ သီချင်း၊ မိန့်ခွန်း၊ ပုံဆွဲခြင်းစသည်တို့ဖြင့် လုပ်နိုင်ပါသည်။ ရလဒ်သို့မဟုတ် စွမ်းဆောင်ချက်ဟု ခေါ်ဆိုနိုင်ပြီး ကျောင်းသူကျောင်းသားတို့ နားလည်ကြောင်းပြသစေနိုင်ပါသည်။ ဂျစ်ဆောပုံတစ်ပုံကို ပြန်လည်သုံးသပ်ပြီး သင်ယူမှုနှင့်ရလဒ်တို့ ပိုမိုကျယ်ပြန့်သည့် ပဟေဠိအတွင်း အံဝင်ခွင်ကျဖြစ်ပုံကို ရှုမြင်သင့်ကြောင်း သုံးသပ်ပါ။ သင်ရိုးပိုင်း ၈ သင်ကြားရေးပိရမစ်၏ အရေးပါပုံနှင့် ဆက်နွယ်နေပါသည်။ ကျောင်းသူကျောင်းသားတို့အတွက် အသိပညာတစ်ရပ် အမြစ်တွယ်စေရာတွင် သင်ယူမှုလုပ်ဆောင်ချက်များ ပေါင်းစပ်ရန်လိုအပ်ကြောင်း ဒေးလ် (၁၉၄၆)၏ အကြံပြုချက်ကို အထူးသဖြင့်အာရုံစိုက်ပါ။ လုပ်ဆောင်ချက် ၁၁.၇ ရလဒ်များကို ကွဲပြားခြားနားစေခြင်းကိုလုပ်ပြီး မည်သည့်ဥပမာက အသင့်တော်ဆုံးဖြစ်ကြောင်း အဘယ်ကြောင့် သင့်တော်ကြောင်း တစ်တန်းလုံး တုံ့ပြန်ဖြေကြားကြပါစေ။ |
| ၃.၄.၁ စိန်ခေါ်မှု | တစ်ခါတစ်ရံ ကျောင်းသူကျောင်းသားတို့ ပိုမိုသင်ယူစေရန် စိန်ခေါ်မှုများထပ်ထည့်ခြင်း၊ ချဲ့ထွင်သင်ကြားခြင်းများ လုပ်ဆောင်ရန်လိုအပ်ပါသည်။ နက်နက်နဲနဲ နားလည်ရန်လိုအပ်ကြောင်းလည်း သင်တန်းသားများအား သတိပေးပါ။ လုပ်ဆောင်ချက် ၁၁.၈ နှင့် ပထမတန်းကျောင်းသူကျောင်းသားဖြစ်သည့် မီမီအကြောင်း၊ ကြိုတင်စစ်ဆေးအကဲဖြတ်မှုအကြောင်းတို့ကို လုပ်ပါ။ လေ့လာချက်ကို ဆွေးနွေးပြီး ကြိုတင်စစ်ဆေးအကဲဖြတ်မှု အရေးကြီးပုံကို စူးစမ်းပါ။ ဆရာမကသင်ကြားမည့် သင်ခန်းစာအကြောင်း မီမီသိပြီးသားဖြစ်လျှင် သုံးနိုင်မည့် လုပ်ဆောင်ချက်များအကြောင်း အုပ်စုငယ်များဖွဲ့ပြီး တွေးသင့်ပါသည်။ ဤအနေအထားတွင် ဆရာ/မက အကျိုးရှိရှိသုံးနိုင်မည့် လုပ်ဆောင်ချက်များအကြောင်းကို တွေးပါ။ မီမီအတွက်ဖြစ်နိုင်သည့် လုပ်ဆောင်ချက်များအကြောင်းပြောပြီး သင်ခန်းစာအကြောင်းအရာကို ကျောင်းသူကျောင်းသားတို့ နားလည်ပြီးသားဖြစ်လျှင် သုံးနိုင်မည့်နည်းများကို သင်ယူမှုဂျာနယ်တွင် ရေးမှတ်ကြပါစေ။ |
| ၃.၄.၃ ပုံစံတစ်ခု (သို့) စုစည်းစီစဉ်ရန်ရုပ်ပုံကားချပ်သုံးခြင်း | ပုံစံချမှတ်ခြင်း(သို့)ရုပ်ပုံကားချပ်ဖြင့်စုစည်းစီစဉ်မှုအသုံးပြုခြင်းဖြင့် ကျောင်းသူကျောင်းသားတို့ကို မည်ကဲ့သို့ ပံ့ပိုးနိုင်ကြောင်း ထောက်ပြပါ။ အထူးသဖြင့် ကျောင်းသူကျောင်းသားတို့ ထံမှထွက်လာမည့် ရလဒ်အပေါ် ဆရာ/မက တစ်နည်းတစ်ဖုံ ထိန်းချုပ်နိုင်ပါသည်။ စိတ်ကူးပြမြေပုံ၊ အဓိကမေးခွန်းများ ရေးချခြင်းနှင့် ရုပ်ပုံကားချပ်ဖြင့်စုစည်းမှုတို့ဖြစ်နိုင်ပါသည်။ ဇယား၊ ဗင်းအခြေပြဇယားနှင့် ငါးရိုးပုံဇယားတို့ကို စူးစမ်းပြီးဖြစ်ကြောင်း သတိပေးပါ။ လုပ်ဆောင်ချက် ၁၁.၉ထံ ဆက်သွားပါ။ သင်တန်းသူ/သားတို့မှ အချက်အလက်များဖတ်ရှုပြီး ဥပမာတစ်ခု ရွေးချယ်စဉ်းစားနိုင်ပါသည်။ နှစ်ယောက်တွဲ (သို့) အုပ်စုဖွဲ့လုပ်နိုင်ပါသည်။ အရေးအသားဘောင်အကြောင်းစူးစမ်းပြီး ကျောင်းသူကျောင်းသားတို့ကို ဆရာ/မက ပံ့ပိုးပေးမည့် ဆင့်ပိုးသင်ကြားရေးအကြောင်း စတင်မိတ်ဆက်နိုင်ပါပြီ။ မိမိတို့ ပြင်ဆင်နေသည့် သင်ခန်းစာတစ်ခုတွင် သင်တန်းသူ/သားတို့ သုံးနိုင်ပါသည်။ မည်သည့်အရာက အသင့်တော်ဆုံးဖြစ်နိုင်ကြောင်း အချိန်ယူဆွေးနွေးကြပါစေ။ |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| လုပ်ဆောင်ချက် ၁၁.၁၀ - ဖတ်ကြားရန်နှင့် ၁၁.၁၁ ကွဲပြားခြားနားရန်စီစဉ်ခြင်း | ရေးသားရန်အတွက်စကားပြောခြင်း ဗီဒီယိုကိုကြည့်ပါ။ အတုခိုးခြင်း၊ ဆန်းသစ်ခြင်း၊ တီထွင်ခြင်းဟူသည့် အဆင့်(၃)ဆင့်ကိုထောက်ပြပါ။ ပေးထားသည့်မေးခွန်းများကို တစ်တန်းလုံးပြန်လည်သုံးသပ်ပါ။ လုပ်ဆောင်ချက် ၁၁.၁၁ အတွက် ဒေါ်အေးမြတ်သူအကြောင်း ဖြစ်ရပ်လေ့လာချက်ကို စူးစမ်းပြီး အုပ်စုများအတွက် သင့်တော်မည့် လုပ်ဆောင်ဖွယ်များကို စဉ်းစားပါ။ သင်ယူပုံများအကြောင်း သတိချပ်စေပြီး တစ်အုပ်စုချင်း၏ နားလည်မှုအဆင့်ကိုလည်းကောင်း၊ သင်ယူမှုရလဒ် ခြားနားနိုင်ပုံကိုလည်းကောင်း ထောက်ချင့်ကြရန်။ နှစ်ယောက်တွဲဆွေးနွေးပြီး ဇယားဖြည့်ကြပါစေ။ |
| ၃.၅ - ပတ်ဝန်းကျင်ဖြင့် ကွဲပြားခြားနားစေခြင်း | အတန်းတွင်းစီစဉ်ပုံ(သို့)ခုံစီပုံတို့သည် ပတ်ဝန်းကျင်ကို ကွဲပြားခြားနားစေခြင်း၏ သာဓကဖြစ်ပါသည်။ သင်ယူမှုဝန်းကျင်မှာ အတန်းတွင်းနေရာချပုံနှင့် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်က ကျောင်းသူကျောင်းသားတစ်ဦးချင်းကို ပံ့ပိုးနိုင်သည့် နည်းလမ်းဖြစ်ပါသည်။ အချက်အလက်များကိုဖတ်ရှုကာ သင်ယူမှုဝန်းကျင် ကွဲပြားခြားနားစေမည့် သာဓကများကို ဆွေးနွေးကြပါစေ။ နောက်သင်ရိုးပိုင်းတွင် ဆက်လက်လေ့လာမည့် အားလုံးအတွက် သင်ယူပုံဒီဇိုင်း (UDL)ကို အချိန်ပေးပြီး စူးစမ်းကြပါစေ။ |
| ၄- သင်ယူမှုရလဒ်များကို ကွဲပြားခြားနားစေခြင်း | သင်ရိုးပိုင်း ၃ မှ SMART အကြောင်း သတိချပ်စေကာ စာလုံးတစ်လုံးချင်း အဓိပ္ပါယ်ကို ရှင်းပြကြပါစေ။ တိုက်ကြီးများနှင့် သမုဒ္ဒရာများအကြောင်း ပထဝီသင်ခန်းစာတစ်ခုအတွက် သင်ယူမှုရလဒ်ကို SMART သုံးပြီးစူးစမ်းရန်။ ဒေါ်အေးမြတ်သူအကြောင်း ဖြစ်ရပ်လေ့လာချက်ကိုသုံးပြီး လုပ်ဆောင်ချက် ၁၁.၁၂ ကိုဆက်လုပ်ကာ အားလုံး၊ အများစုနှင့် အချို့အတွက် သင်ယူမှုရလဒ်ကိုဖန်တီးပါ။ မိမိဘာသာရပ် သင်ခန်းစာတစ်ခုအတွက် ကွဲပြားခြားနားစေမည့် သင်ယူမှုရလဒ် ၃ ခုရေးပြီး လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြန်စီနိုင်မစီနိုင်ကြည့်ပါ။ ကွဲပြားခြားနားမှုသည် မျှော်လင့်ချက်လျှော့ချခြင်းမဟုတ်ဘဲ ကျောင်းသူကျောင်းသားတို့အကြောင်းနားလည်ပြီး ၎င်းတို့သင်ယူမမှုအတွက် မည်သို့ လိုက်လျောညီထွေ ပြုပြင်နိုင်ပုံဖြစ်ကြောင်း သတိမူကြရန်။ အောင်မြင်သင့်သလောက် မအောင်မြင်ခြင်းနှင့် ပညာရေးအတွက် သီးသန့်လိုအပ်ချက်များကြောင့်ဖြစ်ပေါ်လာသည့် အခက်အခဲများအကြား ခြားနားချက်ကို ခွဲခြားနိုင်ပါစေ။ |
| ၆ - နိဂုံး | သင်ရိုးပိုင်း ၁၁ တွင်လုပ်ခဲ့သည်များကို ပြန်ငုံမိအောင် သင်ရိုးပိုင်းအဓိကအချက်များကို ပြန်ဖတ်ကြပါစေ။ သုံးသပ်ပြီး မိမိတို့ သင်ယူမှုဂျာနယ်တွင် အတွေးများကို ရေးကြပါမည်။ |
| ၇ - သင်ရိုးပိုင်းအဆုံးသတ် ပဟေဠိ | ပဟေဠိကိုဖြေပြီး သင်တန်းသားအားလုံး အဖြေမှန်များ နားလည်ကြရန်။ လုပ်ဆောင်ချက် ၁၁.၁၃ ကိုလုပ်စေပြီး မိမိတို့သင်ကြားရေးအလေ့အကျင့် တိုးတက်စေနိုင်ပုံကိုလည်း ပြန်လည်သုံးသပ်ကြပါမည်။ |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးမှုအတိုင်းဖြစ်ပါသည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်ပြီး အမှတ်ချင်းနှိုင်းယှဉ်ကြည့်ကြပါစေ။ |
| ၁၁ ခုမြောက်ကတိ | သင်ရိုးပိုင်း ၁၁ မှတတ်မြောက်သွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစားစေပြီး ၎င်းတို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်မည့် ကတိတစ်ခုအား ကျောင်းသူကျောင်းသားတို့ကို ပေးကြပါစေ။ ထိုကတိကို (X သီတင်းပတ်ပြီး နောက်) သုံးသပ်အကဲဖြတ်စေပြီးပြောင်းလဲမှုကိုမှတ်သားစေပါ။ ပြောင်းလဲမှုကသင်ကြားသင်ယူမှုအပေါ်သက်ရောက်မှုနှင့် မိမိအနေဖြင့် ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | ပြန်လည်သုံးသပ်ကြပါစေ။ ၎င်းသည် လုပ်ဆောင်မှုသုတေသန စက်ဝန်းအစဖြစ်ပြီး ဆက်လက်တိုးတက်ရန်အတွက် စဉ်ဆက်မပြတ် လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဖန်တီးရန် အနာဂတ်သင်ရိုးပိုင်းများတွင် ဆင့်ပိုးတည်ဆောက်နိုင်ပါသည်။ သင်တန်းသူ/သားများ ၎င်းတို့ သင်ယူမှုဂျာနယ်တွင် 'ကတိကဝတ်များ' ဟူသည့် အပိုင်းတစ်ပိုင်း ထားရှိကြရန်။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၁၁ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - ကျောင်းသူကျောင်းသားအားလုံးအကျုံးဝင်စေမည့် အဓိကအချက်သုံးချက်မှာ (၁ ခု ရွေးပါ)

က) ပူးပေါင်းမှု၊ ပါဝင်မှုနှင့် ကွဲပြားခြားနားစေမှု

**ခ) တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှု**

ဂ) ထိထိရောက်ရောက် မေးခွန်းမေးမှု၊ အဆင့်ဆင့်သင်ယူမှုနှင့် ပူးတွဲဆောင်ရွက်မှု

မေးခွန်း ၂ - အောက်ပါနည်းများဖြင့် ကွဲပြားခြားနားအောင်သင်ကြားနိုင်ပါသည်။ (၂ ခု ရွေးပါ)

**က) သင်ခန်းစာသင်ပုံကို သင့်တော်အောင်ပြုပြင်ပြောင်းလဲခြင်း**

ခ) ကျောင်းသူကျောင်းသားအားလုံး သံပြိုင်လိုက်ဆို ဖြေဆိုစေခြင်း

**ဂ) မသင်ကြားမီ ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ခြင်း၊ ၎င်းတို့လိုအပ်ချက်များကို ပြည့်မီအောင် လုပ်ဆောင်ချက်ကို စီစဉ်ခြင်း**

ဃ) သင်ခန်းစာတိုင်း လုပ်ဆောင်ဖွယ်တစ်ခုတည်းကို ကျောင်းသူကျောင်းသားများအားလုံးလုပ်စေခြင်း

မေးခွန်း ၃ - အတန်းတွင်းကျောင်းသူကျောင်းသားအရေအတွက်သည် အုပ်စုဖွဲ့လုပ်ဆောင်ချက်အောင်မြင်မှုအပေါ် သက်ရောက်သည်။ (၂ ခု ရွေးပါ)

က) ကျောင်းသူကျောင်းသားများအတွက် ရှုပ်ထွေးလွန်းသောကြောင့် အုပ်စုဖွဲ့လုပ်ဆောင်မှုမပြုပါနှင့်။

**ခ) အုပ်စုအရွယ်အစားနှင့် အုပ်စုတွင်း ကျောင်းသူကျောင်းသားတစ်ဦးချင်းအကြောင်းတွေးပါ။**

ဂ) ကျောင်းသူကျောင်းသားများသည် အုပ်စုဖွဲ့လုပ်ဆောင်ချက်တွင် အခက်ကြုံလျှင် စိတ်ကြိုက်အုပ်စုဖွဲ့ပါစေ။

**ဃ) အုပ်စုဖွဲ့လုပ်သည့်အတွေ့အကြုံသိပ်မရှိလျှင် အုပ်စုငယ်များနှင့်စပြီး နောက်မှ ချဲ့ထွင်ပါမည်။**

မေးခွန်း ၄ - အောက်ပါတို့သည်စာကိုဦးတည်သောလုပ်ဆောင်ချက်(DARTs) ဥပမာများဖြစ်ပါသည်။ (၂ ခုရွေးပါ)

**က) နားလည်မှုစစ်ဆေးမည့် အမှန်/အမှားအဆိုများ**

**ခ) ဇာတ်လမ်းကို ရုပ်ပုံဖြင့်သရုပ်ဖော်ခြင်း**

ဂ) မေးခွန်းဝိုင်းမေးခြင်း

ဃ) ရုပ်သေ

မေးခွန်း ၅ - ရုပ်ပတ်ဝန်းကျင်တွင် ကွဲပြားခြားနားမှုကိုအောက်ပါနည်းဖြင့်လုပ်ဆောင်နိုင်ပါသည်။

**ဂ) ကျောင်းသူကျောင်းသားများအတူတူလုပ်နိုင်စေရန် ခုံစီခြင်း**

ခ) ကျောင်းသူကျောင်းသားများအုပ်စုဖွဲ့ထိုင်ရန် ခုံစီထားပြီး သင်ခန်းစာအတွင်း အပြန်အလှန်ပြောဆို ဆွေးနွေးမှုများ ခွင့်မပြုခြင်း

ဂ) ကျောင်းသူကျောင်းသားများအတန်းလိုက်ထိုင်စေပြီး အပြန်အလှန်ပြောဆိုခွင့်မပြုခြင်း

**ဃ) ကျောင်းသူကျောင်းသားများအတန်းလိုက်ထိုင်စေပြီး နေရာသတ်မှတ်ပေးခြင်း**

ရှင်းလင်းချက် - ခုံစီပြီးသင်ခန်းစာအတွင်းကျောင်းသူကျောင်းသားများစကားပြောခွင့်မပေးလျှင် ကျောင်းသူကျောင်းသား အချင်းချင်း အလုပ်အတူလုပ်ခြင်း၊ ပံ့ပိုးခြင်းများ မလုပ်နိုင်သောကြောင့် အားလုံးအကျုံးဝင်အောင်ခုံစီထားခြင်း မဟုတ်ပါ။ ကျောင်းသူကျောင်းသားများအား နေရာသတ်မှတ်ပေးခြင်းဖြင့် အချို့ကိုအတူထိုင်စေကာ နှစ်ယောက်တွဲ ဆွေးနွေးချက်များဖြင့် အချင်းချင်း ပံ့ပိုးစေနိုင်ပါမည်။